# MCIX သတင်းအချက်အလက်ထိန်းသိမ်းခြင်းကာလ

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာ (၁၈) ရက်

၁။ ။ အပြုသဘောဆောင်သည့် ချေးငွေအချက်အလက်ဖြစ်ပါက အဆိုပါကိစ္စအတွက် ငွေပေးချေမှု သို့မဟုတ် စာရင်းရှင်းလင်းမှု ပြုသည့်နေ့မှ သုံးနှစ်တာကာလအထိ MCIX သည် သတင်း အချက်အလက်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ အပြုသဘောဆောင်သည့် ချေးငွေသတင်းအချက်အလက် ဆိုသည်မှာ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများနှင့် မြီရှင်များအကြား ပဋိညာဉ်အရ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ အကျုံးဝင်သည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်ကို ဆိုလိုသည်။

၂။ ။ အပြုသဘောမဆောင်သည့် ချေးငွေအချက်အလက်ဖြစ်ပါက ချေးငွေစာရင်း ပယ်ဖျက်သည့်နေ့မှ သုံးနှစ်တာကာလအထိ MCIX သည် သတင်း အချက်အလက်များဖြန့်ဝေခြင်းကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ အပြုသဘောမဆောင်သည့် ချေးငွေအချက်အလက် ဆိုသည်မှာ ချေးငွေစာရင်း ပယ်ဖျက်ထားသော သတင်းအချက်အလက်ကို ဆိုလိုသည်။

၃။ ။ တရားရုံး၏ဆုံးဖြတ်ချက်ဖြစ်ပါက ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်နေ့မှ သုံးနှစ်တာကာလအထိ MCIX သည် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

၄။ ။ ချေးငွေသတင်းအချက်အလက်အစီရင်ခံခြင်းစနစ် ထိရောက်ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ဆောင်မှုများတိုးတက်လာစေရန် သတင်းအချက်အလက်များကို လုံလောက်သော အချိန်ကာလတစ်ရပ်အထိ ထိန်းသိမ်းထားရှိအသုံးပြုရန် ဖြစ်ပါသည်။

၅။ ။ MCIX သတင်းအချက်အလက် ထိန်းသိမ်းခြင်းကာလ စည်းမျဉ်းသည် ဇန်နဝါရီလ (၁) ရက်၊ ၂၀၂၁ ခုနှစ်မှ စတင်သက်ရောက်မည် ဖြစ်ပါသည်။

# MCIX Data Archival Policy

Date: 18th December 2020

1. With reference to positive credit information, MCIX shall share data for three years since the date of payment or settlement of credit. Positive credit information refers to the regular credit history between lenders and borrowers.

2. With reference to negative credit information, MCIX shall share data for three years since the date of write off. Negative credit information refers to the write-off loans.

3. With reference to court judgement, MCIX shall share the data for three years since the date of judgement.

4. MCIX will maintain and consolidate the data up to an appropriate time for effective operations and better performance of credit reporting system.

5. MCIX Data Archival Policy will be effective as of 1st January 2021.